


ချက်ခြင်းထုတ်ပြန်ရန်- ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့

# မြို့တော်ဝန် Whitmer နှင့် မီချီဂန်ပြည်နယ်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများတို့သည် ချေးငှားသူများအတွက် ရက် ၉၀ အပေါင်စာချုပ် ငွေပေးချေမှုကို- ဖယ်ရှားပေးရန်ပူးပေါင်းဆောင်ရွက်မှုကို သဘောတူညီလိုက်ပါသည်

မြို့တော်ဝန် Gretchen Whitmer နှင့် မီချီဂန်ပြည်နယ် အာမခံနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများဌာန (DIFS) တို့သည် ယနေ့တွင် ဤ အများပြည်သူကြား၌ဖြစ်ပွားနေသော ကျန်းမာရေးပြဿနာဖြစ်နေစဥ်အတွင်း COVID-19 ကြောင့် ၎င်းတို့၏အိုးအိမ်များကို ဆုံးရှုံးရတော့မည့် ငွေကြေးဆိုင်ရာခက်ခဲမှုကို မည်သူမျှ ခံစားနေရခြင်းမရှိကြောင်း သေချာစေရန် အတွက် ကာစတန်မာများကို ကူညီပေးရန်နှင့် ထိုအဖွဲ့အစည်းများ၏ လုပ်ဆောင်နေမှုများအပေါ်တွင် အသိအမှတ်ပြုကာ တိုးချဲ့ပေးရန် မီချီဂန်ပြည်နယ် ငွေကြေးဆိုင်ရာအဖွဲ့အစည်း ၂၀၀ ကျော်နှင့်အတူ ***MiMortgage လျှော့ပေါ့ပေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု*** ကို ဖော်ဆောင်လိုက်ကြောင်း ယနေ့တွင် ကြေညာလိုက်ပါသည်။

မီချီဂန်ပြည်နယ် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် ယခင်ကမဖြစ်ဖူးခဲ့သော အဆိုပါဖြစ်စဥ်ကာလအတွင်း ၎င်းတို့၏ ကာစတန်မာများကို ကူညီပေးရန် အထူးကြိုးစားနေကြပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ငွေကြေးဆိုင်ရာအဖွဲ့အစည်းကို ထည့်တွက်ခြင်းမရှိဘဲ အကူအညီလိုအပ်နေသော ကာစတန်မာများအတွက် ရွေးချယ်ခွင့်များကို တစ်ညီတည်း ရရှိနိုင်စေရန် တိုက်တွန်းအားပေးမည်ဖြစ်ပါသည်။

" COVID-19 ကပ်ရောဂါဖြစ်နေစဥ်မှာ ဘယ်သူမှ သူတို့ရဲ့အိုးအိမ်ဆုံးရှုံးသွားမှာကို စိတ်ပူမနေသင့်ပါဘူး၊ဟု ပြည်နယ် " အုပ်ချုပ်ရေးမှူးGretchen Whitmer ကပြောကြားခဲ့ပါသည်။ "***MiMortgage လျှော့ပေါ့ပေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖြင့်*** မီချီဂန်၏ ခရက်ဒစ်ယူနီယံများ၊ ဘဏ်များ၊ နှင့် ငွေထုတ်ချေးသူများသည် အပေါင်စာချုပ်နှင့်ပတ်သက်သော ငွေပေးချေမှုများအတွက် ရက် ၉၀ မွမ်းမံကာလကို ပေးလိုက်ခြင်းဖြင့် COVID-19 ကြောင့် ငွေကြေးဆိုင်ရာဆုံးရှုံးမှုများကို ခံစားနေရသည့် ကျွန်ုပ်တို့၏ဒေသခံများကို ကူညီပေးရန် စတင်လိုက်ပြီဖြစ်ပါသည်"

ပြည်နယ်အုပ်ချုပ်ရေးမှူး Whitmer ၏ ***MiMortgage လျှော့ပေါ့ပေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု*** တွင် လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ပါဝင်ထားသော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ရောက်မှုကိုခံစားနေရသော အိုးအိမ်ဆိုင်ရာအပေါင်စာချုပ်ချေးငွေ ချေးငှားသူများအား အနည်းဆုံး ဖော်ပြပါနည်းလမ်းများဖြင့် ဆက်လက်လုပ်ကိုင်ရန် သဘောတူလိုက်ပါသည်-

**သက်ဆိုင်သည့် ချေးငှားသူများအား အပေါင်စာချုပ်ဆိုင်ရာ ငွေပေးချေမှုအားလုံးအတွက် ရက် 90 ရွှေ့ဆိုင်းကာလ စီစဉ်ပေးခြင်း။** ငွေကြေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အပေါင်စာချုပ်ဆိုင်ရာ ပေးချေမှုအတွက် ရက် ၉၀ စောင့်ဆိုင်းကာလ စီစဉ်ပေးသောကြောင့် ချေးငှားသူများက ၎င်းတို့၏ လစဉ် ချေးငွေဆိုင်ရာ ပေးချေမှုကို လျှော့ချ သို့မဟုတ် အချိန်ဆွဲနိုင်ပါသည်။ ထို့အပြင်၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် -

- ရနိုင်သော စာရွက်စာတမ်းများ ပေးအပ်၍ COVID-19 ဆက်စပ် အကြောင်းရင်းများနှင့်ပတ်သက်ပြီး စောင့်ဆိုင်းကာလ တောင်းဆိုခြင်းအတွက် တွက်ခြေကိုက်သည့် လုပ်ငန်းစဉ်တစ်ခု စီစဉ်ပေးပါမည်၊
- စောင့်ဆိုင်းရေးအစီအစဉ် (စောင့်ဆိုင်းရေး စည်းမျဉ်း အဆုံးသတ်ချိန်တွင် ပြန်ဖြစ်နေသော ငွေပေးချေမှုများအတွက် ကျိုးကြောင်းဆီလျော်သော ဖြေရှင်းနည်း ပါဝင်ပါမည်) ၏ အတည်ပြုချက်နှင့် စည်းမျဉ်းများကို အတည်ပြုပေးမည်၊ ထို့အပြင်
- လိုအပ်ပါက COVID-19 ကြောင့် အခက်အခဲ ဆက်ကြုံနေရပါက စောင့်ဆိုင်းရေး သဘောတူညီချက်ကို ထပ်တိုးရန် အခွင့်အလမ်းကို ချေးငှားသူများအတွက် စီစဉ်ပေးပါမည်။

**အပေါင်စာချုပ်ဆိုင်ရာ နောက်ကျကြေးများနှင့် အဖိုးအခများကို ရက် ၉၀ ကြာ ဖြေလျှော့မှု စီစဉ်ပေးခြင်း။** ငွေကြေးဆိုင်ရာ အဖွဲ့အစည်းနှင့် သဘောတူညီချက်ရထားသည့် သက်ဆိုင်သော ချေးငှားသူများအတွက် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် အနည်းဆုံး ရက် ၉၀ ကြာ အပေါင်စာချုပ်ဆိုင်ရာ နောက်ကျကြေးများကို ဖြေလျှော့ သို့မဟုတ် ပြန်ထုတ်ပေးသွားပါမည်။

**အထက်ဖော်ပြပါ ရက် 60 ကြာ လျှော့ပေါ့ထားသည် နုတ်ရွေးခွင့်ပိတ်ပင်ခြင်း။** ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းနှင့် သဘောတူညီချက် ရထားသည့် သက်ဆိုင်သော ချေးငှားသူများအတွက် ရက် ၆၀ ကြာ နုတ်ရွေးခွင့်ပိတ်ပင်ပြီး ရောင်းချမှုများ သို့မဟုတ် နှင်ထုတ်မှုများကို လုပ်ဆောင်မည် မဟုတ်ပါ။

**ချေးငှားသူ၏ သက်သာရာရနိုင်မှုအပေါ်မူတည်၍ ထိခိုက်စေသော ခရက်ဒစ် မှတ်ချက်ပေးရေး အချက်အလက်ကို တိုင်ကြားခြင်းမှ ရှောင်ကြဉ်ခြင်း။** ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းနှင့် သဘောတူညီချက် ရထားသည့် သက်ဆိုင်သော ချေးငှားသူများအတွက် ထိခိုက်စေသော ခရက်ဒစ် မှတ်ချက်ပေးရေး အချက်အလက်ကို သတင်းပို့မည်မဟုတ်ပါ။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် အခြား ခရက်ဒစ် အချက်အလက်ကို စားသုံးသူ ငွေကြေးဆိုင်ရာကာကွယ်ရေး အစိုးရဌာန (CFPB) သို့မဟုတ် အခြား ဖက်ဒရယ်အေဂျင်စီလမ်းညွှန်ချက် နှင့်အညီ သတင်းပေးပို့ပါမည်။

**ချေးငှားသူများ၏ သီးခြား လိုအပ်ချက်များ သို့မဟုတ် စိုးရိမ်မှုများကို ဖြေရှင်းပေးခြင်း။** ငွေကြေးဆိုင်ရာ အဖွဲ့အစည်းသည် ချေးငှားသူ၏ အကျိုးခံစားခွင့်အတွက် သို့မဟုတ် သီးခြား ချေးငှားသူ တောင်းဆိုချက်များ၊ စိုးရိမ်မှုများ သို့မဟုတ် တစ်ဦးချင်း ငွေကြေးဆိုင်ရာ ကျန်းမာရေးကို ဖြေရှင်းရန်အတွက် ဤပြဌာန်းချက်များနှင့် အလိုက်သင့်ဆောင်ရွက်ပေးပါက လက်တွဲလုပ်ကိုင်လိုမှု ရှိသည်ဟု ယူဆပါမည်။ အထူးသဖြင့် ကြားခံအာမခံပေးသူများ ၊ အခွန် နှင့် အာမခံပေးငွေများတို့နှင့် ပတ်သက်သော ကိစ္စရပ်များသည် တစ်ဦးချင်းအကူအညီ လိုအပ်နိုင်ပါသည်။

၂၀၂၀ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်း ၂၀၀ ကျော်သည် လက်တွဲလုပ်ကိုင်မှုတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ပါဝင်ဆောင်ရွက်ထားသော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများကို MiMortgage Relief Partnership Financial Institutions စာမျက်နှာတွင် ဖော်ပြထားပါသည်။

"ကျွန်ုပ်တို့ဘဏ္ဍာရေးစနစ်ရဲ့ခွန်အားဟာ မီချီဂန်ပြည်နယ်အနေဖြင့် COVID-19 မှ စီးပွားရေးအရ မည်သို့မည်ပုံ နာလန်ထူလာသည့်အပေါ်တွင် အရေးကြီးစွာသက်ရောက်ပါလိမ့်မယ်" ဟု DIFS ဒါရိုက်တာ Anita G. Fox ပြောခဲ့ပါသည်။ "***MiMortgage Relief Partnership*** ဖြင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် အကောင်းဆုံး ကိုက်ညီသည့် ဖြေရှင်းနည်းများကို သုံးစွဲသူများ ရှာတွေ့နိုင်စေရန်နှင့် ကပ်ဘေးကြောင့် အများဆုံးထိခိုက်ခံရသူများအတွက် သက်သာချောင်ချိရေး ကြိုးပမ်းမှုများကို အလေးထားလုပ်ဆောင်သွားပါမည်။ ပေးဆောင်ရမည့်ငွေကြေး လုံလောက်မှုရှိသည့် မီချီဂန်ဒေသခံများသည်လည်း လျှောက်ထားနိုင်သည့်အပြင် အကူအညီလိုအပ်သည့်ဒေသခံများ အနေဖြင့်လည်း သူတို့ရဲ့ ရန်ပုံငွေအဖွဲ့အစည်းများဖြင့် သက်သာချောင်ချိရေး ရရှိနိုင်ရန် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။"

COVID-19 ကြောင့် ငွေကြေးခက်ခဲနေသည့် မီချီဂန်တွင်နေထိုင်သည့် ချေးငှားသူများသည် ၎င်းတို့ရနိုင်သည့် ရိက္ခာအစီအစဉ်များအကြောင်း အသေးစိတ်များကို လေ့လာရန်နှင့် ၎င်းတို့၏ ချေးငွေနှင့် သက်ဆိုင်သော သဘောတူညီချက်အတွက် အဖွဲ့အစည်းနှင့်အတူ လုပ်ကိုင်ရန် ၎င်းတို့၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းထံ တိုက်ရိုက် မေးမြန်းနိုင်ပါသည်။ ချေးငှားသူများသည် ၎င်းတို့၏ ချေးငွေ အတိုးပုံလာမီ ဆက်သွယ်ပါရန် တိုက်တွန်းအပ်ပါသည်။ DIFS အနေဖြင့် ချေးငှားသူများအား ၎င်းတို့၏ ချေးငွေပေးချေမှုများကို ပေးနေခြင်းမှ ရပ်တန့်ရန် အကြံမပြုပါ။

ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဝန်ဆောင်မှုပေးသူများသည် စုံစမ်းမေးမြန်းမှု ပမာဏများစွာကို ကြုံတွေ့နေရသောကြောင့် ဖြစ်နိုင်ပါက အမြန်ဆုံးဝန်ဆောင်မှုအတွက် အွန်လိုင်း ဝန်ဆောင်မှုများကို အသုံးပြုပေးရန် အကြံပြုအပ်ပါသည်။ ငွေကြေးဆိုင်ရာအဖွဲ့အစည်းက ထိန်းချုပ်ထားသည့် ချေးငွေများကို အခြားကုမ္ပဏီက ဝန်ဆောင်မှု ပေးနိုင်ပါသည်။

ဖက်ဒရယ်က ထောက်ခံထားသည့် အပေါင်စာချုပ်များကို ဝန်ဆောင်မှုပေးသည့် ထုတ်ချေးသူများသည် ဖက်ဒရယ်စည်းမျဉ်းကို လိုက်နာရမည်။ အဆိုပါ ချေးငွေများရှိသည့် ချေးငှားသူများက CFPB ကိုရိုနာဗိုင်းရပ်စ် အပေါင်စာချုပ်ချေးငွေဆိုင်ရာသက်သာရေး ရွေးချယ်မှုများ လမ်းညွှန်ကို ဝင်ကြည့်ရမည်။

COVID-19 ဆိုင်ရာ အပေါင်စာချုပ်နှင့် ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက်၊ www.michigan.gov/MiMortgageRelief ကို ကြည့်ပါ သို့မဟုတ် DIFS ခေါ်ဆိုသူအခမဲ့ဖုန်း 877-999-6442 ကို ဖုန်းခေါ်ဆိုပါ။

###